# KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

ယနေ့သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဖြစ်ပါသည်။ ကမ္ဘာမြေပေါ်ရှိ နိုင်ငံနှင့်လူသားအားလုံးကြား ငြိမ်းချမ်းရေးစံနှုန်း ပိုမိုခိုင်မြဲလာစေရန်နှင့် အထိမ်းအမှတ်အဖြစ် အမှတ်တရကျင်းပရန် ရည်ရွယ်သည့်နေ့တစ်နေ့ဖြစ်သည်။ ယခုနှစ် ကုလသမဂ္ဂမှ ချမှတ်လိုက်သော ဆောင်ပုဒ်မှာ "ငြိမ်းချမ်းရေးနှင့်အတူ - အားလုံးအတွက်လေးစားမှု၊ လုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှု" ဖြစ်ပြီး အိမ်ရာများကို စွန့်ခွာရန် ဖိအားပေးခံခဲ့ရသောကြောင့် ပို၍ကောင်းမွန်သော ဘဝကိုရှာဖွေကြသော ကမ္ဘာတဝှမ်းရှိ လူသန်းပေါင်းများစွာအတွက် လေးစားမှု၊ လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေး၍ အသိပညာပေးရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် လူ့အခွင့်အရေး အကာအကွယ်ပေးမှုများ အားနည်းနေလျက်ရှိသေးသည့်အခြေအနေကြောင့် ဒုက္ခသည်နှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်ပေါင်းများစွာ ပေါ်ထွက်လာစေသေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR) နှင့် Internal Displacement Monitoring Centre ၏၂၀၁၇ ခုနှစ် ခန့်မှန်းချက်များအရ မြန်မာပြည်တွင် ဒုက္ခသည် ၅၄၆၂၆၅ ဝန်းကျင်နှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် ၆၄၄၀၀၀ ဝန်းကျင်ခန့်ရှိပါသည်။ ပြည်သူထုထုမှ ရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအား အဓိကအရေးကြီးဆုံးကိစ္စတစ်ရပ် အနေနှင့်သတ်မှတ်လုပ်ဆောင်သော်လည်း မြန်မာနိုင်ငံရှိ အခြေအနေသည် မည်မျှထိလွယ်ရှလွယ်၍ ငြိမ်းချမ်းရေးသည် မည်မျှ အလှမ်းဝေးနေသေးကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့ သတင်းမှတ်တမ်းပြုစုသူများ စုစည်းတင်ပြသော အစီရင်ခံစာများမှဖော်ပြလျက်ရှိပါသည်။

လွန်ခဲ့သော ၂၅ နှစ်တာကာလတလျောက်လုံးတွင် ကရင်လူ့အခွင့်အရေးအဖွဲ့သည် ပဋိပက္ခကာလများ၊ ရွှေ့ပြောင်းခြင်းများနှင့် ထိလွယ်ရှလွယ်သော ငြိမ်းချမ်းရေးများကို ကြုံတွေ့ခံစားရသော ရွာသားများ၏ ထင်မြင်ယူဆချက်များကို မှတ်တမ်းတင်ပြုစုနေခဲ့ပါသည်။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ရွာသားအမြောက်အများကလိုလားပြီး မျှော်လင့်နေချိန်တွင် အများစုမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အလွယ်တကူပျက်ဆီးသွားနိုင်ကြောင်းနှင့် တိုက်ပွဲများပြန်လည်ဖြစ်နိုင်ချေ ရှိကြောင်း ၎င်းတို့၏ စိုးရိမ်မှုများကို ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဖါပွန်ခရိုင်ရှိ ရွာသားတစ်ဦးက သုံးသပ်ပြသည်မှာ-

> *"မြန်မာအစိုးရနဲ့ KNUအကြားက အပစ်ရပ်စဲရေးကို ပြောမယ်ဆိုရင်တော့ အဲဒါကမှန်ကန်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ တကယ်လို့အဲဒါက မစစ်မှန်ဘူးဆိုရင်တော့ ကျွန်တော်တို့ အတိတ်တုန်းက ကြုံတာထက် ပြဿနာတွေ ကျွန်တော်တို့ပိုတွေ့လိမ့်မယ်။ အဲဒါက ကျွန်တော်တို့စိုးရိမ်ရတဲ့ အချက်ဘဲ။ အရင်တုန်းက ကျွန်တော်တို့တောထဲထွက်ပြေးပြီး မိသားစုတွေကို ရွာထဲမှာထားခဲ့ရတယ်။ တကယ်လို့သူတို့က ကျွန်တော်တို့မိန်းမတွေနဲ့ ကလေးတွေတွေ့ရင် သူတို့အဖမ်းခံရတယ်။ အဲဒီဟာ ကျွန်တော်တို့စိုးရိမ်မှုဘဲ။ အပစ်ခတ်ရပ်စဲရေးက မတည်ငြိမ်ဘူးဆိုရင် အခြေအနေက အရင်လိုဘဲပြန်ဖြစ်မှာ။ အတင်းအဓမ္မလုပ်အား ပေးခိုင်းတာ၊ မုဒိန်းကျင့်တာ၊ သတ်ဖြတ်တာတွေဟာ ကျွန်တော်တို့အတွက် အဓိက စိုးရိမ်ရတဲ့ အချက်တွေဘဲ။"*
>
> စေအ--- (ကျား၊ ၄၂ နှစ်) ၊ ဘ---ကျေးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ်အရှေ့မြောက်၊
> (၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် တွေ့ဆုံမေးမြန်းသည်။)

#PeaceDay #JoinTogether

မိမိတို့မူလရွာသို့ပြန်ရင်အတွက် တွန့်ဆုတ်နေသူများဖြစ်သည့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည် များထံတွင် ဤစိုးရိမ်မှုများပါရှိနေသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာများအရ ရွှေ့ပြောင်းခံရွာသားများအနေဖြင့် ၎င်းတို့၏ရေရှည်လုံခြုံရေးအတွက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အာမခံချက်မရှိသေးဟု ခံစားကြရသည်။ ဥပမာအားဖြင့် နော်ဟဖ---က သူမသည် ၁၉၉၇ ခုနှစ်ကတည်းက သူမရွာမှ ထွက်ပြေးလာခဲ့သော်လည်း နှစ် ၂၀ ကြာသည်အထိ သူမ၏ရွာသို့မပြန်သေးသည့် အကြောင်းမှာ တပ်မတော်စစ်စခန်း တည်ရှိနေဆဲ ဖြစ်သောကြောင့်ဟု ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတွင် အလေးထားပြောဆိုခဲ့ပါသည်။

> *"ကျွန်မတို့အနေနဲ့ တပ်မတော်ကတိုက်ခိုက်တာရပ်လိမ့်မယ်လို့မထင်[မမျှော်လင့်/မယုံကြည်]ရဲဘူး။ ကျွန်မတို့လွတ်မြောက်မှု [ငြိမ်းချမ်းရေး] ရရင်လဲ သူတို့ကျွန်မတို့အပေါ်မှာ ဘယ်လိုအန္တရာယ်မျိုးပေးမလဲဆိုတာကိုလည်း မသိဘူး။ ဒါကြောင့် ကျွန်မတို့လွတ်မြောက်မှုမရရင် တပ်မတော်ကပြန်တိုက်မှာဘဲ၊ ကျွန်မတို့ပူပန်စိုးရိမ်တယ်။"*
>
> နော်ဟဖ--- (မ၊ ၄၅ နှစ်) ဟဇ---ရွာ၊လူသောမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ်အရှေ့မြောက်
> (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

ပဏာမနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ထိုးပြီးသွားသောအခါ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာများအနီးမှ စစ်တပ်များကို တပ်မတော်မှ ရုတ်သိမ်းသွားလိမ့်မည်ဟု ရွာသားအများအပြားက မျှော်လင့်ချက်ကြီးခဲ့ကြသည်။ သို့သော်လည်း တပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့သည် ၎င်းတို့၏ စစ်စခန်းများကိုဆက်လက်၍ အားဖြည့်နေဆဲဖြစ်သည်။ တပ်ဖွဲ့များလှည့်ကင်းထွက်ခြင်း၊ တပ်ဖွဲ့များအလဲအလှယ်လုပ်ခြင်း၊ ရိက္ခာများ၊ ခဲယမ်းမီးကျောက်နှင့်ကျည်များ၊ စစ်လက်နက်ပစ္စည်းများအား စစ်စခန်းများသို့ သယ်ယူပို့ဆောင်ခြင်းကဲ့သို့သော လှုပ်ရှားမှုများကိုလုပ်ဆောင်နေဆဲဖြစ်သည်။ စစ်တပ်၏များပြားလှသော လှုပ်ရှားမှုများသည် ရွာသားများအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ်၏ရည်ရွယ်ချက်သဘောထားအမှန်ကို တိုက်ရိုက် မေးခွန်းထုတ်စရာဖြစ်လာသကဲ့သို့ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြန်မာအစိုးရနှင့် တပ်မတော် သည် ရေရှည်ပဋိပက္ခစစ်ပွဲများဆင်နွှဲရန် ပြင်ဆင်မှုများ လုပ်ဆောင်နေခြင်းလောဟု ရွာသားများက ရှုမြင်လာကြသည်။

မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်သော နိုင်ငံအဖြစ်သို့ လုံးဝဥဿုံ ပြောင်းလဲလာ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုရရှိရန် မြန်မာအစိုးရနှင့် တပ်မတော်အနေဖြင့် ရွာသားများငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုပ်ဆောင်ပေးသင့်ပြီး ယခင်က ကျူးလွန်ခဲ့သော အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဖြေရှင်းပေးသင့်သည်။ ရွာသားများအနေဖြင့် ၎င်းတို့၏ ဌာနေလူမှုအသိုက်အဝန်းတွင် လုံခြုံမှုပိုမို မြင့်မားမှသာလျှင် ငြိမ်းချမ်းရေးကို ပိုမိုယုံကြည်နိုင်မည်ဖြစ်သည်။ ထို့အပြင် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ထိလွယ်ရှလွယ်သော်ငြားလည်း ယခင်က တိုက်ပွဲများဖြစ်ပွားခဲ့သောကာလများထက်စာလျှင် သာလွန်ကောင်းမွန်ပါသည်။ သို့သော် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများနှင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဆိုးရွားသော အန္တရာယ်နှင့်စိုးရိမ်မှုများ ဆက်လက် တည်ရှိနေသေးသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးအပေါ် အလုံးစုံယုံကြည်ပေးရန်အတွက် မပံ့မရဲရှိနေသော်ငြားလည်း ရွာသားများ အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အကျိုးအမြတ်တချို့ ရရှိခဲ့သည်ဟု အသိအမှတ်ပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်တလော ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းများတွင် ရွာသားများအနေဖြင့် တိုက်ပွဲများနည်းပါးလာခြင်း၊ ပိုမိုလွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခွင့်များရှိလာခြင်း၊ ကျောင်းအသစ်များ၊ ဆေးခန်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၎င်းတို့ဒေသတွင်းသို့ ပိုမိုရောက်ရှိ လာခြင်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များမှ ခြိမ်းခြောက်ငွေတောင်းယူခြင်းနှင့် အဓမ္မအခွန်ကောက်ခံခြင်းများ လျော့နည်းသွားခြင်း၊ စသည်တို့အပေါ် ချီးကျူးကြပါသည်။

ထို့ကြောင့် ကရင်လူ့အခွင့်အရေးအဖွဲ့သည် မြန်မာအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်တို့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို လူ့အခွင့်အရေးအား အပြည့်အဝ လေးစားလိုက်နာရန်၊အကာအကွယ်ပေးရန်နှင့် အခြေခံကျသော လွတ်လပ်မှုများကို အရေးပေးဆောင်ရွက်ကြရန် တောင်းဆိုလိုက်ပါသည်။ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် ဤအဖွဲ့များအားလုံးသည် စစ်ရေးလုပ်ဆောင်မှုများအား ရပ်တန့်ရန်နှင့်အတူ ပြည်သူလူထုများနေထိုင်သော ပတ်ဝန်းကျင်တဝိုက်မှ စစ်တပ်စခန်းများအား တည်ဆဲ ငြိမ်းချမ်းရေး သဘောတူညီမှုများအား လေးစားကြရန်တို့အပြင် အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်မရေးထိုးထားသေးသော အဖွဲ့များအားလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ထည့်သွင်းရန်နှင့် အဓိပ္ပာယ်ပြည့်ဝ၍ ကျားမ အလုံးစုံ ပူးပေါင်းပါဝင်သော ငြိမ်းချမ်းရေး လမ်းစဉ်ဖြစ်လာစေရန် အခွင့်အလမ်းများ ဖန်တီးလုပ်ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်တောင်းဆိုအပ်ပါသည်။

#PeaceDay #JoinTogether